စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စိုးမင်းအောင်

## မျှော်လင့်ခြင်းအရိုးစု

ကဗျာ ၅၀ စုစည်းမှု




mgyoe.com

Cover Art; Soe Minn Aung
09 430 64319

mgyoe.com

# မျှော်လင့်ခြင်းအရိုးစု



နို့စတော်ဘယ်ရီရေခဲချောင်းလောကဟာ
အချိန်စေ့ခဲ့ရင် အရည်ပျော်သွားလိမ့်မယ်။
အဖြူရောင်မှာ စွန်းထင်းပြီးရင်
အဖြူရောင်ပြန်ဖြစ်ရတာ မလွယ်သလိုပေါ့။

စိုးမင်းအောင်

Today Book Store
1600.00Ks.
M02825

mgyoe.com

ပျော်လင့်ခြင်းအရိုးစု၊ စိုးမင်းအောင်
မျက်နှာဖုံးပန်းချီ - စိုးမင်းအောင်
စာမျက်နှာ ၇၄+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မျှော်လင့်ခြင်းအရိုးစု

## စိုးမင်းအောင်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

- ထမင်းလုံးတစ္ဆေ(၂၀၁၄) . . . . . . . . . . ၁
၁။ ဂိမ်း . . . . . . . . . . ၂
၂။ တွေ့ရှိသူတစ်ဦးကတော့ ဂြိုဟ်သားဟု... . . . . . . . . . . ၃
၃။ ခေါင်းစွပ်အနီ . . . . . . . . . . ၄
၄။ စက်ရုပ် . . . . . . . . . . ၅
၅။ မီးအထောက်အပံ့ဖြစ် ပြာဇီဝများ . . . . . . . . . . ၆
၆။ ချဉ်စရာကောင်းသော အချဉ် ချဉ်စုတ်စုတ် . . . . . . . . . . ၇

- သွေဖည်မှု(၂၀၁၆) . . . . . . . . . . ၉
၁။ ----- . . . . . . . . . . ၁၀
၂။ ငါ ငါ ငါ အိပ်ပျော်နေခြင်း . . . . . . . . . . ၁၁
၃။ ဘဲတစ်ကောင်ရဲ့ ခရီးစဉ် . . . . . . . . . . ၁၂
၄။ နံရံဟာ နာကျင်စွာ ကွာကျလျက် . . . . . . . . . . ၁၄
၅။ အစဉ်မကျ . . . . . . . . . . ၁၅
၆။ ငါ့ကိုယ်ထဲမှာ ဘယ်သူမှ ရှိမနေပါဘူး . . . . . . . . . . ၁၆

mgyoe.com

mgyoe.com


၇။ ရန်ကုန် . . . . . . . . . . . ၁၇
၈။ မိသားစု . . . . . . . . . . . ၁၈
၉။ ရယ်စရာ . . . . . . . . . . . ၁၉
၁၀။ လမ်း . . . . . . . . . . . ၂၀

– အကြောင်းအရာထုံထိုင်းမှုရောဂါ . . . . . . . . . . ၂၁
၁။ ထင်ရှားသည့် အမှတ်အသားမရှိ . . . . . . . . . . ၂၂
၂။ ဘာ ကုတ်/**Code** . . . . . . . . . . ၂၄
၃။ ----- . . . . . . . . . . ၂၅
၄။ ရန်ကုန်အဆိပ်ငွေ့ . . . . . . . . . . ၂၆
၅။ ရန့်တစ်ခု . . . . . . . . . . ၂၇
၆။ သမိုင်းလမ်း . . . . . . . . . . ၂၈

– **အပိုင်းအစ** . . . . . . . . . . ၂၉
၁။ ရိုက်သီချင်း . . . . . . . . . . ၃၀
၂။ ကျောင်းစာအုပ် . . . . . . . . . . ၃၂
၃။ ဘာ့အဓိပ္ပာယ်အတွက် ဘယ်စကား . . . . . . . . . . ၃၃
၄။ လေညင်းလေး . . . . . . . . . . ၃၈
၅။ စုပ်ယူဆွဲသွင်းခံရစဉ် လိုက်နာရန် လိုအပ်မှု . . . . . . . . . . ၃၉
၆။ ငြိုဟ်သား – ၁ . . . . . . . . . . ၄၀
၇။ ငြိုဟ်သား – ၂ . . . . . . . . . . ၄၁
၈။ ငြိုဟ်သား – ၃ . . . . . . . . . . ၄၂
၉။ နေကြာ . . . . . . . . . . ၄၃
၁၀။ မိသားစု . . . . . . . . . . ၄၄
၁၁။ တို့မီး . . . . . . . . . . ၄၅
၁၂။ ရောင်စုံ... ရောင်စုန်း... ရောင်စုံ... ရောင်စုန်း . . . . . . . ၄၆
၁၃။ သူငယ်ချင်း . . . . . . . . . . ၄၈


mgyoe.com

mgyoe.com

၁၄။ အသက်ရှူခန်း . . . . . . . . . . . ၅၁
၁၅။ စိမ်းမြရောင်မီးလျှံများနဲ့ ဆိတ်ငြိမ်အသံမဲ့ဂီတ . . . . . . . . . . . ၅၂
၁၆။ တမန်တော်သီချင်း . . . . . . . . . . . ၅၄
၁၇။ ဘဝမီးများ . . . . . . . . . . . ၅၆
၁၈။ ဘုရားဖူး . . . . . . . . . . . ၅၇
၁၉။ ခွေးပိန်ကလေးပေါ်မှာ ရပ်
ကျွန်တော်တို့တတွေ . . . . . . . . . . . ၅၈
၂၀။ လမ်းညွှန်အမှောင် . . . . . . . . . . . ၆၀
၂၁။ ကြက်သီးတစ်လျှောက် လှမ်း . . . . . . . . . . . ၆၂
၂၂။ ဒါပေမဲ့ လုံးလုံး ဖုံးမရ ဖိမရ လူ့အဖြစ်မှတ်တမ်း . . . . . . . ၆၄
၂၃။ လေလွင့်ခွေးခေါတ်ပြား . . . . . . . . . . . ၆၇
၂၄။ နေ့တစ်နေ့ထဲက... . . . . . . . . . . . ၆၈
၂၅။ လမ်း . . . . . . . . . . . ၆၉
၂၆။ ဆိုဖီ . . . . . . . . . . . ၇၀
၂၇။ မျှော်လင့်ခြင်းအရိုးစု . . . . . . . . . . . ၇၂
၂၈။ ရယ်ရွှင်ဖွယ်များ . . . . . . . . . . . ၇၃

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ထမင်းလုံးတရွှေ

၂၀၁၄၊

mgyoe.com

mgyoe.com

# ဂိမ်း

တစ်ခုလုံးကို ဖော်ထုတ်လိုက်ဖို့ တစ်ညလုံးရဲ့ တိတ်ဆိတ်သံထဲ
သမိုင်းပေါက်တူးကောက်ကိုင် မိမိရရ သုဘရာဇာ။

မိမိကိုယ်ကိုယ် ဘယ်သူ့နားလည်သလဲ ဝိုးတဝါးထဲ မေ့မြောပြီး
နေထိုင်ပုံကို ခဲသွပ်စေတယ် ခွကျနေတဲ့ ဘောင်းဘီအိတ်ကပ်ထဲ
နှာခေါင်းသွေးချောကလက် မရှာပါနဲ့ အပြောင်းအလဲပေး။

ကောင်းကင်သော့ဖွင့်ပါ ဝေဒနာရှိတယ်
ကျပ်သိပ်နေအောင် သွတ်သွင်းနေတာ
အဆုံးမဲ့ပါ မျက်နှာကြက်မှာ ကပ်နေတဲ့ ခန္ဓာကို ထားခဲ့ပြီ။

တစ်ပြားသားမှ အသည်းနှလုံးမလျော့
ငှက်ဆိုးတွေကို ခွန်နဲ့ဆော်ဖို့ လိုတယ်
ကျောရိုးထဲက တွန်းကန်နေတာ ကျောသား ကွဲထွက်လာပြီး
ရင်သားပြဲထွက် အမျှင်အစများ။

မြက်ခင်းစိမ်းများတွင် ပြန့်ကျဲ အိပ်မက်ဆိုး ချိုတွေ ထွက်နေပြီး
အရပ်မျက်နှာမှား လမ်းပြအိမ်မြှောင်ကို ထုတ်ခွဲလိုက်တယ်
အစိုင်အခဲနဲ့ မာကျောမှုတို့အား ခွန်အားသုံးပေါက်ခွင်း။ ။

၂၀၁၄။

mgyoe.com

mgyoe.com



# တွေ့ရှိသူတစ်ဦးကတော့ ကြိုးပြတ်သွားဟု...

ကိုယ်ကျင့်တရားကို နေထုတ်လှန်းချိန်မှာ ကျိုးမထိုး ခွေးမဆွဲဖို့
ကိုယ့်ကိုယ်ကိုယ် စာခြောက်ရုပ်လုပ်ထားလိုက်တယ်။

အရသာတွေဟာ ချိုတယ်ပဲ ပြောပြော
အစာဟောင်းအဖြစ် ပြန်စွန့်ထုတ်ပစ်ခဲ့ကြရတယ်။

စောင်းမပြောဘူး။ မွေးညင်းလေးများမှာ ပုရွက်ဆိတ်တွေ အုံခဲနေတယ်။
ဖြိုဖျက်မယ့် စုန်းတွေ မတော်စော်ကား လာနေပြီ သေးနဲ့ ကော့ပန်းကြလို့
ကဗျာက ပြောကြားခဲ့တယ်။

ဂျင်းဘောင်းဘီဇစ်ပ်ကို အမြန်ဆွဲချုတ်ပြီး မြန်မြန်
မင်းရဲ့ ထင်ရှားတဲ့ အမှတ်အသားကိုလည်း မြန်မြန်ဝှက်။

နို့စတော်ဘယ်ရီရေခဲချောင်းလောကဟာ
အချိန်စေ့ခဲ့ရင် အရည်ပျော်သွားလိမ့်မယ်။

အဖြူရောင်မှာ စွန်းထင်းပြီးရင်
အဖြူရောင် ပြန်ဖြစ်ရတာ မလွယ်သလိုပေါ့။

အပေအတေတစ်ယောက်နေရောင်လို
စိတ်တွေ ပြိုပျက်ဖွာထွက်မနေအောင် စုစည်းရတာဟာ ခက်ပါတယ်။

စိုးရိမ်ပြီး အရိုးတွေ ပင်လယ်ထဲ မြှုပ်ထားခဲ့တယ်။ ။

၂၀၁၄။

mgyoe.com

 mgyoe.com

# ခေါင်းစွပ်အနီ

ယုံကြည်ကိုးစားလွန်းအားကြီးခဲ့ပေမဲ့
ပစ်ပယ်မေ့လျော့ခံလိုက်ရတဲ့ အရာတစ်ခု
ကြယ်တံခွန်အဖြူ
လရောင်ကို ငါမတမ်းတ သေနတ်နဲ့ ပစ်ခတ်နှိမ်နင်းခံခဲ့ရသလား
မေတ္တာရဲ့ ခြေဖဝါးကို နမ်း အဝါနဲ့ အစိမ်း တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိဘဲ
ပါးစပ်ထဲကနေ ဒဏ်တွေ အန်ကျလာတယ်
အပြာ တလိမ့်ခေါက်ကွေး ဖိနပ်ကြိုးလို ငါ့လည်မျိုထဲမှာ
ရမ်းရမ်းကားကား ချည်သွားကြတယ်
ငါ့ရင်မှာ နေနဲ့ လ မရှိတော့ဘူး မျက်နှာကြက်တွေမှာ
အညိုအမည်းစွဲမလောက် အာဏာလွဲတွေ အမဲလိုက်ခြင်း ခံနေရတဲ့ ကမ္ဘာ
ဂက်စ်မီးခြစ်ကို အပူဆုံးအထိ ခြစ်ပြီး ငါ့နှုတ်ခမ်းမှာ ငါ
ကပ်ပစ်လိုက်တယ်
သံချွန်နဲ့ ခရမ်းရောင်သွေးပျက်မှုကို ထိုးကော်လိုက်တယ်
နံရံကို အနာခေါင်းနဲ့ ပြေးတိုက် ငါအေးစက်နေပါတယ်
အချိန်ပြည့် ဖိသိပ်ခံခဲ့ရတာ ပျင်းလာတယ် မြစ်သည် ကောင်းကင်သို့
တရွေ့ရွေ့
ကြွက်ကပ်ကော်မှာ ကပ်မိနေတဲ့ ကြွက်တစ်ကောင်ဟာ
သေသည်အထိ ရုန်းသွားခဲ့သလိုမျိုး
ငါတို့အပြောင်းအလဲအနာကပ် ရုန်းရဦးမယ်
လုံခြုံရေးလို့ ငါအော်ပြီး ကြယ်တံခွန်လမ်းကို သွားနေတယ်
အသက်လောက်တော့ ချကျွေးခဲ့ပါတယ်
ရူးမိုက်စွာ တားဆီးပိတ်ဆို့မှုကိုတော့ ငါသဘောတူမှာ မဟုတ်ဘူး .

၂၀၁၄။

mgyoe.com

mgyoe.com



## စက်ရုပ်

လေမှာ ပျံလို့ မရရင် မြေမှာ ရုပ်တိုက်မှာပါပဲ
မင်းပေါင်မုန့်ကို မိုးပေါ် ထောင်ပစ်ခဲ့သလား
ဒီပိုက်ကွန်တွေဟာ ကြိုးတွေ တင်းကျပ်ပြီး အပိုင်းအပိုင်း
ပြတ်သွားစေမှာလား နှလုံးသားရှိသည်
ရေကူးဝတ်စုံနဲ့ မိန်းမလှလေး ရေကူးသွားစဉ် ငါးမန်းကိုက်ခံရသလိုပါပဲ
ကြွက်စုတ်လေး
အမှောင်က ပါးစပ်နဲ့ စုပ်ပေးတာ ကောင်းတယ်
ကမ္ဘာပျက်အောင် လုပ်နိုင်တယ်လို့ ယုံကြည်တဲ့ ဂြိုဟ်သားတွေလည်း
အများကြီးပဲ ဇာစ်မြစ်မသိရ မောင်ဘယ်သူလဲ သဲကွဲ မသိရ
အမှတ်တံဆိပ် မသိရ
ခတ်ထားတဲ့ သံဆူးကြိုးတွေကို ကျော်ကြည့် နောက်ထပ်တံတိုင်း
နောက်ထပ်နံရံများ
မျက်ရည်က ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်တာ အဆိပ်ပြင်းမြွေများစွာ
ပါလာတယ် ခေါင်းထဲက ကြယ်တွေ မရှိတော့
ခေါင်းမှုန်းတော့ နားလည်ပါတယ် အော်သံပြုမရ။ ။

၂၀၁၄။

mgyoe.com

mgyoe.com

# မီးအထောက်အပံ့ဖြစ် ပြာဂီဝများ

ဆုတောင်းပါတယ်
ကောင်းကင်က မြစ်များ သွေးကြောထဲ စီးဆင်းပါစေ
ဘာများထူးခြားမှာပါလိမ့် ဘယ်ပြန်ညာပြန် စဉ်းစား
ဖြတ်စရာရှိတာတွေ ဖြတ်
လက်စသတ်စရာရှိတာတွေ လက်စသတ်
ရှေ့ဆက်စရာရှိတာတွေ အရှေ့ဆက် အရှေ့ဆက်
Come Play Now. Free!
ပါဝင်သည့် လက်ဗွေ ပြောင်းလဲမည့် ခြေလှမ်းကို မရှိမဖြစ် သုံး
ခြောက်ပေ သုံးပေရှိသော ကိုယ်ထည်
မြန်မာပြည်တွင် မျက်ရည်အခမဲ့ ရမည်
စစ် မစစ် ဘယ်လိုစမ်းမလဲ အရှိန်နဲ့ တိုက်နေဆဲပါပဲ
ဆတ်ဆော့ပြီး မောင်းတင်တယ် အချစ်
စာသင်နေချိန်တွင် ကျည်တစ်တောင့် အနာဂတ်တို့ စွန်းပေတယ်
နှစ်အဆက်ဆက်က နှစ်တွေ အကုန်စွန်းပေတယ်
မိုးသားနဲ့ သိုးတွေ ဝံပုလွေသတ်တယ်
ရိုးရိုးကလေးပါပဲ တနင်္ဂနွေ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး
ကြာသပတေး သောကြာ စနေ ပန်းထွက် နေ့ညများ
ကလစ်တစ်ချက်မှ နှိပ်စရာ မလိုဘဲ ဆွေးရပါမည်
အရေပြားဟာလည်း ပြာနှမ်းလိမ့်မယ်
ချွတ်ကြည့်တဲ့အခါ ပြာဖြစ်ပြီးကြောင်းလည်း မသိဘဲ သွားရလိမ့်မယ်
အပျောက်လည်း များနေတယ်
ဘရားသားလို့လည်း အော်ခေါ်သံတွေကြား ခေါင်းအရည်ပျော်နေတယ်

၂၀၁၄။

mgyoe.com

mgyoe.com



## ချဉ်စရာကောင်းသော အချဉ် ချဉ်စုတ်စုတ်

မှတ်ပုံထဲ မပါဝင်ခဲ့ရတဲ့ နေရောင်အလောင်းတစ်လောင်း
ငါ့အသက်ထက်ပိုတဲ့ အနံ့တာခံနိုင်မှု

ကြွက်ကြီး ခွေးကြီး သားရိုင်းကြီးတွေ ကြီးထွားလာတဲ့ ဘဘကမှာ
နောက်ထပ်စဉ်းစားစရာက အပုပ်နံ့နဲ့ မျိုးစိတ်
အောက်အတွင်းခံဘောင်းဘီရဲ့ အထဲက အရေပြားနဲ့
မျက်နှာက အရေပြား ဘယ်လိုကွဲပြား

သွားတတ်တဲ့ လမ်းတွေကနေ ကြယ်တံခွန်တစ်လျှောက်
မသွားတတ်တဲ့ လမ်းမှာလည်း အခက်အခဲတွေ အပြည့်ရှိ
မင်းလက်ဆုပ်ကိုင်ထားချိန်မှာ ငါ့ဒဏ်ရာတွေ အလွန်ငြိမ့်ညောင်း
နွေးထွေး နူးညံ့

မျက်နှာကြက်က တွဲလောင်းကျ လွင့်နေတဲ့ ပင့်ကူမျှင်တန်းနဲ့ ငါနဲ့
ကြယ်တံခွန်နဲ့
လမ်းအိမ်ရာ အမှိုက်မိုးတိမ် သစ်ရွက်ကြွေဝါကြင် ငါ့စိတ်တိုင်းပြည်ပဲ့ပိုင်း
အရည်စုပ်ယူခံရခြင်း

mgyoe.com

mgyoe.com

ဘဲစား ဘဲချေ ကံများ ပြန်မနိုးလာတော့မယ့် အရုဏ်
ရှုးသွပ်ဖွယ် ကောင်းအောင် ခြောက်နေတယ်
သဲထဲ နစ်ဝင်ခဲ့ကြတဲ့ အရာကို သဲပေါ်မှာပဲ ပြန်မြင်နိုင်တဲ့ အစိတ်အပိုင်း
ကြည်ဖြူစွာ လက်ခံသင့်တယ်

အက်စစ်ထိ ပေါက်ပြဲ
ရင်ရှုပ် ရှင်းထုတ်မရတဲ့ လောကဓာတ်သဘော်ပေါ်
ပေါ့ပေါ့ပါးပါး ရွှင်ပျော်ပျော် ခရီးသွားသူတစ်ယောက်လို
အက်ကွဲမှုကို အပန်းဖြေနေဟန်
ရှည်လျားလာတဲ့ ဆံခွေအတွန့်အလိမ်များ လေမှာ လွင့်

ရင်အတွင်းထဲအထိကို ရစ်နှောင် အသံမထွက်ဘဲ
အနက်ရှိုင်းဆုံး အော်မိရ နေ့များ နှစ်များ
အဲဒီကတ်ကြေးနဲ့ ညှပ်ကိုက်လိုက်သလို ငါ့သတိဖရိုဖရဲကို
ညှပ်ကိုက်ချပစ်ထား

ဘယ်တော့မှ လင်းမလာလည်း ဖြစ်တယ်
မျက်စိမှိတ် ခေါင်းညိတ် လိုက်လျော သဘောတူတယ်

၂၀၁၄။

mgyoe.com


mgyoe.com

# သွေဖည်မှု

**။၂၀၁၆။**

mgyoe.com

mgyoe.com

ဒီစာမျက်နှာအတွက်ဖတ်ရှုခြင်းကို အဘယ်သူမျှမရရှိနိုင်။

mgyoe.com

mgyoe.com



# ငါ ငါ ငါ အိပ်ပျော်နေခြင်း

အိပ်ပျော်နေတဲ့ ငါ
အိပ်ပျော်လျက် နေကြသည် ငါ။

mgyoe.com

mgyoe.com

# ဘဲတစ်ကောင်ရဲ့ ခရီးစဉ်

စစ်ပွဲ။
ရိုက်ယူထားခဲ့တဲ့ ဓာတ်ပုံတွေ
အတွင်း နေထိုင်ခဲ့သော
သေသူ့ထံမှ အသက်ရှင်ခဲ့တဲ့ ဒိုင်ယာရီ။
ပူပြင်းဆင်းရဲ။
ဘာသာမကိုးကွယ်ရခဲ့တဲ့ သူ။
ကြယ်ကြွေညကို တစ်ညချင်းစီ စီထပ်ပြီး တချို့
တခြားအဖြစ်အပျက် အစိတ်အပိုင်းတွေကို စိတ္တဇနှင့်
ဖွထားမိ ကမ္ဘာ။

၂၂၊ နိုဝင်ဘာ၊ ၂၀၁၅။

mgyoe.com

mgyoe.com



## A Voyage Of A torn and reckless man

war
a dead person's living diary,
living in the photos taken
too hot to survive
unbearable
don't dare to take religion as security
heaping star-fallen nights onwards
but building some other fragments in an abstract openness
and in an abstract chaos.

**Translated by poet Nyein Way**

mgyoe.com

mgyoe.com

# နံ့ရှိဟာ နာကျင်စွာ ကွာကျလျက်

တိရစ္ဆာန်ရုံလှောင်အိမ်ထဲက တိရစ္ဆာန်တွေ
အကုန်လွတ်ထွက်လာပြီး
မြို့ထဲအနှံ့ လိုက်လံတိုက်ခိုက်
လူများ ပြေးလွှားနေကြရတယ်လို့ ငါငယ်ငယ်က
အမြဲအိပ်မက်တယ်။ ။

၂၀၁၆။

mgyoe.com

mgyoe.com



## အစဉ်မကျ

သစ်ရွက်တွေ ကြွေသွားတယ်
လွင့်ထွက်သွားတယ်
နံရံကို ဆွဲဖြဲလိုက်တယ်
မြက်ခင်းပေါ်မှာ အိပ်လိုက်တယ်
လှုပ်ရှားကတယ်
အဝါပေါ်မှာ ဖြတ်ပြေးတယ်
ဆံပင်ကို တိုထားတယ်
အကာအကွယ်ယူလိုက်တယ်
စည်းချက်အလိုက် ခေါင်းညိတ်တယ်
ညင်သာငြင်းဆန်တယ်
ဖန်သားပြင်ကြီး ဖွင့်ထားတယ်
ဝိုးဝါး အော်လိုက်တယ်
ဖျက်ထုတ်ပစ်လိုက်တယ်
အမည်းအုပ်ထားတယ်
ဘုရားရှေ့မရောက်ခင်မှာ ဒူးထောက်ကျတယ်။ ။

၂၀၁၄။

mgyoe.com

mgyoe.com

# ငါ့ကိုယ်ထဲမှာ ဘယ်သူမှ ရှိမနေပါဘူး

မိုးသားများအောက်မှာ
ပျော်ခဲ့ရတယ်။

တိရစ္ဆာန်ရုံရောက်တဲ့အခါ
လှောင်အိမ်ပြင်ပက အရာများကို ကြည့်မိတယ်။

သကြားလုံးလိုတဲ့ ကလေးတချို့ကို
သကြားလုံးလေးများ ပေးပါတယ်။

မျက်စိတစ်ဆုံးကြည့်တဲ့အခါ
ရွေ့လျားပြောင်းလဲမှုကို မြင်ရတယ်။

အန္တရာယ်ကင်းကြောင်း
ရုပ်မြင်သံကြားမှာ ကြေညာထားတယ်။

ကျားတစ်ကောင်က ဟိန်းဟောက်တဲ့အခါ
ငါတို့အားလုံး ရယ်လိုက်ပါတယ်။

ကိုယ်စီ Selfie ရိုက်ကြသေးတယ်။

mgyoe.com

mgyoe.com



# ရှန်ကုန်

တစ်စုံတစ်ခု
ပျောက်ဆုံးသွားတယ်လို့ ပြောကြတယ်။
ဘယ်မှာမှလည်း မရှိဘူး။ ပျောက်ဆုံးမှုထဲ သဲသဲမဲမဲ ရှာကြတယ်။
အနက်ရောင်အပြည့် ကျိုးကန်းတွေဟာ စီးကရက်အခိုးအငွေ့ထဲမှာ ဝဲပျံပြီး
အမှောင်တွေဟာ ပြုတ်ကျနေတယ်။ အချိန်မရွေး အဆိပ်ငွေ့
ထပေါက်ကွဲနိုင်တယ်။

mgyoe.com

mgyoe.com

## မိသားစု

အမှတ်တစ်ခုဆီမှာ အားလုံးကြေသွားလိမ့်မယ်။
အပြင်ကို ရွှေ့လျားထွက်ခဲ့တဲ့ ရွှေ့ပြောင်းအသက်တချို့ဟာ
ဝေးကွာကြွက်ကိုက်ခံရတယ်။
အတွင်းဘက်က တစ်ယောက်ဟာ
ပြုတ်ထားတဲ့ အသားလို နူးအိနေတယ်။
ပေးပို့လာတဲ့ စွန့်စားခန်းများကို မသုံးစွဲရက်ပါ။
ကြယ်တာရာလို
မြတ်မြတ်နိုးနိုး စုထားတယ်။

mgyoe.com

mgyoe.com



## ရယ်စရာ

အရာရာတိုင်းဟာ ရယ်စရာ မဟုတ်ပေမယ့်
ရယ်မောပြီးစီးခဲ့ကြတဲ့ ဟာသအာကာသ

mgyoe.com